# ၁၄။ မှန်ကန်သောကိုးကွယ်ခြင်း

ယေ ၇း၃-၁၁၊ မိ ၆း၆-၈၊ ဟောရှာ ၁း၁-၁၈

ဣသရေလ အမျိုး၏ ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့ ဘာသာဓလေ့နှင့် သင်တို့ အကျင့်များတို့ကို ပြုပြင်ကြလော့။ သို့ပြုလျှင် သင်တို့ကို ဤအရပ်၌ ငါနေစေမည်။

**ဤသည်ကား၊ ထာဝရဘုရား၏ ဗိမာန်တော် ဖြစ်သတည်းဟု မုသားစကားကို ပြောဆိုသော သူတို့၌ မမှီဝဲကြနှင့်။**

သင်တို့ ဘာသာဓလေ့နှင့် သင်တို့ အကျင့်များကို စုံလင်စွာ ပြုပြင်လျှင်လည်းကောင်း၊ အမှုသည်ချင်း တို့ကို သေချာစွာ တရားသဖြင့် စီရင်လျှင်လည်းကောင်း၊

**ဧည့်သည် အာဂန္တု မိဘမရှိသောသူငယ်၊ မုဆိုးမကို မညှဉ်းဆဲ၊ အပြစ်မရှိသောသူ၏ အသက်ကို ဤအရပ်၌ မသတ်၊ ကိုယ်အကျိုးကို ဖျက်၍ အခြား တပါးသော ဘုရားတို့ကို မချဉ်းကပ်ဘဲ နေလျှင် လည်းကောင်း၊**

သင်တို့ ဘိုးဘေးတို့အား၊ ငါသည် အစဉ်မပြတ် ပေးသောပြည် တည်းဟူသော ဤအရပ် ဌာန၌ သင်တို့ကို ငါနေစေမည်။

**အကျိုးမရှိဘဲ မုသားစကားကို ပြောသောသူတို့၌ သင်တို့သည် ခိုလှုံကြ၏။**

သင်တို့သည် သူ့ဥစ္စာကိုခိုးလျက် လူ့အသက်ကို သတ်လျက်၊ သူ့မယားကို ပြစ်မှားလျက်၊ မဟုတ်မမှန်ဘဲ ကျိန်ဆိုလျက်၊ ဗာလဘုရား ရှေ့၌ နံ့သာပေါင်းကို မီးရှို့လျက်၊ ကိုယ်မသိဖူးသော အခြားတပါးသော ဘုရားတို့နောက်သို့ လိုက်လျက်နှင့်။

**ငါ၏နာမဖြင့် သမုတ်သော ဤအိမ်တော်၌၊ ငါ့ရှေ့မှာဝင်၍ ရပ်လျက်၊ ဤရွံရှာဖွယ်သောအမှု အလုံးစုံတို့ကို ပြုသောကြောင့်၊ အကျွန်ုပ်တို့သည် ကယ်နှုတ်တော်မူခြင်း ကျေးဇူးတော်ကို ခံရပါပြီဟု လျှောက်ကြ ရမည်လော။**

ငါ၏နာမဖြင့် သမုတ်သော ဤအိမ်တော်ကို၊ သင်တို့သည် ဒမြတွင်းကဲ့သို့ ထင်ကြသလော။ ဤအမှုကို ငါကိုယ်တိုင် မြင်ပြီဟု ထာဝရဘုရား မိန့်တော်မူ၏။

**ငါသည် ထာဝရဘုရား ရှေ့တော်သို့ အဘယ်ပူဇော်သက္ကာ ပြုပါလျက် ချဉ်းကပ်၍၊ အမြင့်ဆုံးသော ဘုရားသခင် ရှေ့တော်၌ ကိုးကွယ်ရမည်နည်း။ မီးရှို့ရာယဇ်နှင့် အခါလည်သော နွားသူငယ်တို့ကို ဆောင်လျက် ချဉ်းကပ် ရမည်လော။**

ထာဝရဘုရားသည် သိုးထီးတထောင်၊ ဆီမြစ် တသောင်းကို အားရ နှစ်သက်တော် မူမည်လော။ ငါလွန်ကျူးခြင်း အတွက် ငါ၏ သားဦးကိုလည်းကောင်း၊ ငါ့စိတ်ဝိညာဉ်၏ အပြစ်အတွက် ငါ၏ ရင်သွေးကို လည်းကောင်း ပူဇော်ရမည်လော။

**အချင်းလူ၊ ကောင်းသောလမ်းကို ပြတော်မူပြီ။ တရားသဖြင့် ပြုခြင်း၊ ကရုဏာကို နှစ်သက်ခြင်း၊ သင်၏ဘုရားသခင် ရှေ့တော်၌ နှိမ့်ချသောစိတ်နှင့် ကျင့်နေခြင်းမှတပါး အဘယ်ပူဇော်သက္ကာကို ထာဝရဘုရား တောင်းတော်မူသနည်း။**

ထာဝရဘုရား မိန့်တော်မူ သည်ကား၊ သင်တို့ ပူဇော်သော ယဇ်အများကို ငါသည် အဘယ်သို့ ဆိုင်သနည်း။ မီးရှို့၍ ပူဇော်သော သိုးကောင်၊ ဆူဖြိုးအောင်ကျွေးသော တိရိစ္ဆာန်တို့၏ ဆီဥနှင့် ငါဝပြီ။ နွားနှင့် သိုးသူငယ်၊ ဆိတ်တို့၏ အသွေးကို ငါမနှစ်သက်။

**သင်တို့သည် ငါ့ရှေ့မှာ မျက်နှာပြခြင်းငှာ လာကြသောအခါ ငါ့တန်တိုင်းတော်ကို ကျော်နင်းသော သင်တို့၌ ထိုသို့သော ဝတ်ကို အဘယ်သူ တောင်းသနည်း။**

အချည်းနှီးသောသူ ပူဇော်သက္ကာကို နောက်တဖန် မဆောင်ခဲ့ကြနှင့်။ သင်တို့ မီးရှို့သော နံ့သာပေါင်းကို ငါရွံရှာ၏။ လဆန်းနေ့၊ ဥပုသ်နေ့၊ ပရိသတ် စည်းဝေးသော နေ့ကိုလည်း ရွံရှာ၏။ အဓမ္မအမှုနှင့် ရောနှောသော ဓမ္မစည်းဝေးခြင်းတို့ကို သည်းမခံနိုင်။

**ငါ့ဝိညာဉ်သည် သင်တို့ လဆန်းနေ့များနှင့် သင်တို့ ပွဲများကိုမုန်း၏။ ငါ့ကို နောက်ယှက် စရာဖြစ်၏။ သည်းခံခြင်း အားဖြင့် ငါပင်ပန်း၏။**

သင်တို့သည် လက်ဝါးတို့ကို ဖြန့်ကြသောအခါ၊ ငါသည်မျက်စိကို လွှဲမည်၊ များစွာသော ပဌနာကို ပြုကြသောအခါ ငါသည် နားမထောင်။ သင်တို့ လက်တို့သည် အသွေးနှင့် ပြည့်ကြ၏။

**ကိုယ်ကိုကိုယ် ဆေးကြောကြလော့။ ကိုယ်ကိုကိုယ် စင်ကြယ်စေကြလော့။ သင်တို့ ဒုစရိုက်များကို ငါ့မျက်မှောက်မှ ပယ်ရှားကြလော့။ မကောင်းသော အကျင့်ကို ဖြတ်ကြလော့။**

ကောင်းသောအကျင့်ကို ကျင့်အံ့သောငှာ သင်ကြလော့၊ တရားသဖြင့် ပြုခြင်းငှာ ရှာကြံကြလော့။ ကောက်သော အရာကို ဖြောင့်စေကြလော့။ မိဘမရှိသော သူတို့အဖို့ တရားသဖြင့် စီရင်ကြလော့။ မုတ်ဆိုးမတို့၏ အမှုကို စောင့်ကြလော့။

**ထာဝရဘုရား မိန့်တော်မူသည်ကား၊ လာကြ။ တရားစီရင် ကြကုန်အံ့။ သင်တို့ အပြစ်သည် နီသောအဆင်း ရှိသော်လည်း၊ မိုးပွင့်ကဲ့သို့ ဖြူလိမ့်မည်။ ကတ္တီပါနီနှင့်အမျှ နီသော်လည်း၊ သိုးမွေးကဲ့သို့ ဖြစ်လိမ့်မည်။**